ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com Tel : 95 1 397640
PO.Box: 194 Fax: 95 1 397641

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊စက်တင်ဘာလ (၁၇)ရက်

# ညွှန်ကြားချက် ( ၃/၂၀၁၃ )

အကြောင်းအရာ။ **ကမ်းရိုးတန်းသွား ကုန်တင်/ ကမ်းထိုးရေယာဉ်များ မိုးရာသီကာလအတွင်း ပြည်တွင်းရေကြောင်းအတွင်း ခုတ်မောင်းသွားလာခြင်း**

ကမ်းရိုးတန်းသွား ကုန်တင်/ ကမ်းထိုးရေယာဉ်များသည် မိုးရာသီကာလအတွင်း ပြည်တွင်းရေကြောင်းများ၌ သွားလာရာတွင် အောက်ပါအတိုင်း လိုက်နာသွားရန်ဖြစ်သည်-

(၁) ခုတ်မောင်းသွားလာသည့် ရေယာဉ်၏ အလျား၊ ဗျက်အကျယ်နှင့် ရေစူးများသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော **"ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ထိန်းသိမ်းရေး"** နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(၂) ရေမျက်နှာပြင်အထက် ရေယာဉ်၏ အမြင့် (Air Draught) သည် မြစ်ကြောင်းအတွင်းရှိ တံတားတစ်ခုခြင်းအလိုက် သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသော ကင်းလွတ်အမြင့်ထက် မကျော်လွန်ရ။

(၃) မြစ်ကြောင်းအတွင်း မောင်းနှင်ရာတွင် မြစ်တွင်းသွား ရေယာဉ်အုပ် (ပထမတန်း) (၁)ဦး သို့မဟုတ် ကျွမ်းကျင်သော ရေကြောင်းပြ (၁)ဦး ရေယာဉ်နှင့်အတူပါရှိရမည်။

(၄) သင်္ဘော၏ ရေစူးသည် ရေအရင်းအမြစ်နှင့် မြစ်ချော င်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော ရေစူးထက် ကျော်လွန်သည့် သင်္ဘောများ မောင်းနှင်ခြင်း မရှိရ။

(၅) ရေယာဉ်များ လိုက်နာရမည့် စည်းကမ်းများ၊ မြစ်ကူးတံတားကြီးများအား ဖြတ်သန်းခုတ်မောင်းရာတွင် တံတားတစ်ခုခြင်းအလိုက် ရေယာဉ်များ လိုက်နာရန် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(၆) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော "**ပြည်တွင်းရေကြောင်းသွား ရေယာဉ်များမြစ်ကူးတံတားကြီးများ ဖြတ်သန်း ခုတ်မောင်းရာတွင် အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းအစီအမံ**" ပါ မြစ်ကူးတံတားကြီးများအား မဖြတ်သန်းမီ စစ်ဆေးခံခြင်းများကို လိုက်နာ ဆောင်ရွက်ရမည်။

(ပုံ)မောင်မောင်ဦး

ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန